ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ်(၅/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၈) ရက်

(၁) ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးစေတနာ့ဝန်ထမ်းများအား အကြမ်းဖက်စစ်ကောင်စီမှ ဖမ်းဆီးနှိပ်စက်၊ သတ်ဖြတ်နေမှုများနှင့် စပ်လျဥ်း၍ ယခုကြေငြာချက်အား ထုတ်ပြန်လိုက်သည်။

(၂) ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ အကြမ်းဖက်စစ်ကောင်စီမှ အာဏာသိမ်းပြီးနောက် ပြည်သူများအပေါ် အကြမ်းဖက်မှုတိုက်ခိုက်မှုများ နေ့စဥ်ပြုလုပ်လျက်ရှိပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် ပြည်သူ့ဝန်ထမ်းကောင်းများနှင့် မိသားစုဝင်များအား ခြိမ်းခြောက်ခြင်း၊ မတရားပုဒ်မများတပ်ကာ ရိုက်နှက်ဖမ်းဆီးခြင်း၊ ညှဥ်းပမ်းနှိပ်စက်ခြင်းများ လုပ်ဆောင်လျက်ရှိခြင်းအပေါ် ကျန်းမာရေးဝန်ကြီးဌာနမှ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုံ့ချပါကြောင်း သတိပေးလိုက်ပါသည်။

(၃) မတရားဖမ်းဆီးခံရသူများ အန္တရာယ်ကင်းစွာဖြင့် အမြန်ဆုံးပြန်လည်လွတ်မြောက်လာရေး၊ လိုအပ်သော ပံ့ပိုးကူညီမှုများရရှိရေး၊ အကြမ်းဖက်သတ်ဖြတ်ခံရသူများအတွက် တရားမျှတမှုရရှိရေး၊ ပြည်သူ့သားကောင်း/ ပြည်သူ့အာဇာနည် CDM များကို နည်းမျိုးစုံဖြင့် ဒုက္ခပေးနေသော အကြမ်းဖက်စစ်ကောင်စီအလိုတော်ရိများကို **ပြည်သူ့ဆန္ဒအလျောက်တရားဥပဒေနှင့်အညီ** ထိုက်သင့်သောပြစ်ဒဏ်များ ပေးသွားမည်ဖြစ်ပါသည်။

ပုံ

ဒေါက်တာဇော်ဝေစိုး

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ